မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့် ပြု မိန့်

(မနသ–၂)

အမှတ် ၁၉၉၁-၃

နေ့စွဲ ၇.၇.၂၀၀၁

ခွင့်ပြုမိန့်အမှတ်၊ မနသ-၄၇၇/၂၀၀၁ ၂၀၀၁ ခုနှစ်၊ မေ လ ၇ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏ အမည် ဦး အေး လွင်

(ခ) အဘအမည် ဦး ကောင်း စိန်

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၁၂/ဗတထ (နိုင်) ၀၀၉၂၇၁

(ဃ) နေရပ်လိပ်စာ အမှတ် (၁၇၇)၊ ဗိုလ်ချုပ် အောင်ဆန်း လမ်း၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း မင်း ဝံ စက်မှုလုပ်ငန်း များ ကုမ္ပဏီလီမိတက် (Minn Wun Industries Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား သစ်အချောထည်နှင့်ပရိဘောဂ ပစ္စည်း များ ထုတ်လုပ်ခြင်း လုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) မြေကွက်အမှတ် (၂၁)၊ စက်မှုဇုံ (၁) ဒဂုံဆိပ်ကမ်း မြို့နယ်၊ ရန်ကုန်တိုင်း

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) (၇၃.၀၀) သန်း (ကျပ် ခုနစ်ဆယ့်သုံး သန်း)

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
အမိန့် ကြော်ငြာစာအမှတ်၊ ၃၈ /၂၀၀၁ (မနသ)
ရန်ကုန်မြို့၊ ၁၃၆၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၀၁ ခုနှစ်၊ မေလ ၅ ရက်)

၁။ မြန်မာ ကုမ္ပဏီဖြစ်သော မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီ လီမိတက် (Minn Wun Industries Co., Ltd.) တည်ထောင်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဦးအေးလွင် အမည်ဖြင့် အသုံးပြုခွင့်ရရှိထားသော ရန်ကုန်တိုင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ စက်မှုဇုန်(၁) မြေကွက်အမှတ်(၂၁)ရှိ မြေ(၂.၄၀)ဧက(၉၇၁၂.၄၆ စတုရန်းမီတာ)တွင် စက်ရုံတည်ဆောက်ပြီးသစ်အချောထည်နှင့် ပရိဘောဂပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား (၁-၁၂-၂၀၀၀) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၃၉/၂၀၀၀)ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး (၂၁-၁၂-၂၀၀၀)နေ့တွင် ကျင်းပပြုလုပ်သည့် ကုန်သွယ်မှု မူဝါဒ ကောင်စီ၏(၁၆/၂၀၀၀)ကြိမ်မြောက်အစည်းအဝေးသို့ ဆက်လက်တင်ပြခဲ့ပါသည်။ အဆိုပါ အစည်းအဝေး သဘောတူညီချက်နှင့်(၅-၁-၂၀၀၁)နေ့တွင် ကျင်းပသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ အဖွဲ့၏ (၁/၂၀၀၁) အစည်းအဝေး လမ်းညွှန်ချက်အရ သစ်တောရေးရာ ဝန်ကြီးဌာန၏ ဥပဒေနှင့် စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကတိဝန်ခံချက် ရေးထိုး တင်ပြလာသဖြင့် (၂၅-၄-၂၀၀၁) နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (၁၆/၂၀၀၁) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီ လီမိတက် (Minn Wun Industries Co., Ltd.) အား သစ်အချောထည်နှင့် ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့် အမှတ်၊ မနသ-၄၈၇/၂၀၀၁ ကို ထုတ်ပေးလိုက်သည်။

၂။ မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီ လီမိတက် (Minn Wun Industries Co., Ltd.) အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ကုန်ထုတ်လုပ်မှု လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် ဥပဒေ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

(က) ဥပဒေပုဒ်မ ၁၃(က)အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေ ပမာဏ အပေါ် မူတည်၍ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလ အတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့်ပမာဏကို ဖော်ပြလျက် လုပ်ငန်းအကောင်အထည် ဖော်မှု အခြေအနေပေါ် မူတည်၍ ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(ခ)အရ လုပ်ငန်းက နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့် ရရှိသည့်အမြတ်ငွေအပေါ်တွင် (၅၀)ရာခိုင်နှုန်းအထိကာလအကန့်အသတ်ဖြင့်ဝင်ငွေခွန် သက်သာခွင့်ခံစားနိုင်ရန်အတွက်ဝင်ငွေခွန်ကင်းလွတ်ခွင့်(၃)နှစ်ခံစားပြီးနောက်လုပ်ငန်း၏ အမှန်တကယ် အကောင်အထည် ဖော်နိုင်မှုအခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃(ဂ)အရ ထုတ်လုပ်မှု လုပ်ငန်းကြောင့် သတ်မှတ်သည့် နှုန်းအထိ ပြည်တွင်းပြည်ပဝင်ငွေတိုးတက်မှု ရှိပါက သတ်မှတ်ချက်နှင့် အညီ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက်ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးသည့်အခါ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၁၃(စ)အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ တစ်နှစ်အတွင်းလုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့်(သို့မဟုတ်) သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လုပ်ငန်း အမှန်တကယ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကိုဖော်ပြလျက်ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၁၃(ဆ)အရ လုပ်ငန်းသုံး မတည်ပစ္စည်းများ အပေါ်တန်ဖိုးလျော့ငွေ ကို သတ်မှတ်သည့် နှုန်းအတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နှုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့ နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၁၃(ဇ)အရ ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း ပြည်တွင်း၌ မရရှိနိုင်သည့် အမှန်တကယ် လိုအပ်၍ ပြည်ပမှတင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာ အစိတ်အပိုင်း၊လုပ်ငန်းသုံးပစ္စည်းများအပေါ်အကောက်ခွန်နှင့် အခြားပြည်တွင်းအခွန်အကောက်များကိုကင်းလွတ်ခွင့်ပြုသည်။

(ဆ) ဥပဒေပုဒ်မ ၁၃(ဈ)အရ သတ်မှတ်ထားသည့် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလကုန်ဆုံး၍ ပထမ (၃)နှစ်အတွက်ကုန်ထုတ်လုပ်ရန် ပြည်ပမှတင်သွင်းသည့် လုပ်ငန်းသုံးပစ္စည်းများ အပေါ်တွင် အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်များကို ကင်းလွတ်ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃(ဇ) နှင့် (ဈ) အရ ပြည်ပမှ တင်သွင်းသည့် စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) ပြည်ပမှတင်သွင်းမည့် ပစ္စည်းများအတွက် နိုင်ငံခြားငွေ ရရှိပုံနည်းလမ်း(Source of Payments for Import) ဥပမာ – ပြည်ပတင်ပို့မှု မှ ဝင်ငွေ၊ ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည် ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်းငွေပေး ချေစနစ် (Deferred Payment System)စသည်တို့ကို ဖော်ပြရန်။

(ခ) တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရန်။

(ဂ) စစ်ဆေးရေးကိုယ်စားလှယ်၏စစ်ဆေးပြီးကြောင်းအထောက်အထား(Inspection Certificate) ဖြင့် တင်သွင်းမည့် ပစ္စည်းအမျိုးအစား စာရင်း (Invoice and Packing List) များကို နိုင်ငံခြား မတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေးအဖွဲ့ထံသို့ တင်ပြ၍ ထောက်ခံချက် ရယူရန်။

၄။ မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီ လီမိတက် (Minn Wun Industries Co., Ltd.) သည်လုပ်ငန်း အတွက် ပြည်ပမှစက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများကို ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည်ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်းငွေပေးချေစံနစ် (Deferred Payment System) စသည်တို့ဖြင့် ဝယ်ယူတင်သွင်းပြီး၊ ပြန်လည်ပေးဆပ်သည့်အခါ အဆိုပြုလုပ်ငန်းမှ ရရှိသည့် တရားဝင် နိုင်ငံခြားငွေဖြင့်သာ ပေးဆပ်ရမည်။

၅။ အဆိုပြုလုပ်ငန်းအတွက် ပြည်ပမှ စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများနှင့် လုပ်ငန်းသုံး ပစ္စည်းများကို ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည်ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်း ငွေပေးချေစံနစ် (Deferred Payment System)စသည်တို့ဖြင့် ရယူဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်း မရှိဘဲ ချေးငွေပေးသူနှင့် ယူသူတို့၏ တာဝန်သာ ဖြစ်စေရမည်။

၆။ အဆိုပြုချက်နှင့်အတူ ပူးတွဲတင်ပြသည့် သက်ဆိုင်ရာစာချုပ်စာတမ်းများကို တည်ဆဲဥပဒေများနှင့် အညီ ကုမ္ပဏီအား တရားဝင် ဖွဲ့စည်းတည်ထောင်ပြီးမှသာ နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုး ချုပ်ဆိုကြရမည်။

၇။ မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီ လီမိတက် (Minn Wun Industries Co., Ltd.) သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်း ဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် <u>ထုတ်လုပ်မှုနှင့် ပြည်ပ တင်ပို့မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ</u> အဖြစ် ထားရှိဆောင်ရွက် အကောင်အထည် ဖော်ရမည်။

၈။ မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီ လီမိတက် (Minn Wun Industries Co., Ltd.) သည် ကုန်ကြမ်း များဝယ်ယူရာတွင်လည်းကောင်း၊ ကုန်ချောပစ္စည်းများအား ပြည်ပသို့ တင်ပို့ရောင်းချရာတွင် လည်းကောင်း၊ သစ်တောရေးရာ ဝန်ကြီးဌာနမှ ချမှတ်ထားသည့် ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက် ရမည်။

၉။ မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီ လီမိတက် (Minn Wun Industries Co., Ltd.) သည် ဤအဆိုပြု လုပ်ငန်း၏ စာရင်းများကို သီးခြားပြုစုထားရှိရမည်။

၁၀။ မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီ လီမိတက် (Minn Wun Industries Co., Ltd.) ကို မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရန်အတွက် ကုမ္ပဏီများညွှန်ကြားမှု ဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ လျှောက်ထားရမည်။ ကုမ္ပဏီအား မှတ်ပုံတင်ပြီးသည့်အခါ အောက်ဖော်ပြပါ စာရွက်စာတမ်း (၅) စောင်စီကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့ တင်ပြရမည်။

(က) ကုမ္ပဏီ မှတ်ပုံတင် လက်မှတ် (Certificate of Incorporation)

(ခ) ကုမ္ပဏီများ ညွှန်ကြားမှု ဌာနက အတည်ပြုပြီးဖြစ်သည့် မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြုစုထားသော ကုမ္ပဏီ သင်းဖွဲ့စည်းမျဉ်း နှင့် သင်းဖွဲ့မှတ်တမ်းများ (Memorandum and Articles of Association)

၁၁။ မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီ လီမိတက် (Minn Wun Industries Co., Ltd.) ၏ မတည်ငွေရင်း ထည့်ဝင်မှုတွင် ဦးအေးလွင်၏ အမည်ပေါက်မြေကို အစုရှယ်ယာအဖြစ် ထည့်ဝင်မည်ဖြစ်ရာ ကုမ္ပဏီ၏ အစုရှယ်ယာထည့်ဝင်မှုကိစ္စများ ဆောင်ရွက်ပြီးစီးသည့်အချိန်တွင် အဆိုပါမြေကွက်အား မင်းဝံစက်မှု လုပ်ငန်းများ ကုမ္ပဏီ လီမိတက် (Minn Wun Industries Co., Ltd.) ၏ အမည်ပေါက် ဖြစ်စေရေးအတွက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနသို့လျှောက်ထားဆောင်ရွက်ရမည်။ ဂရန်ရရှိပါက ဂရန်မိတ္တူ (၅) စောင် ကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့ တင်ပြရမည်။

၁၂။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှု နှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာ နှင့် ပတ်သက်၍ သတ်မှတ် ပြဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၁၃။ မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီ လီမိတက် (Minn Wun Industries Co., Ltd.) မှ နိုင်ငံခြားသား ကျွမ်းကျင်သူများ ငှားရမ်းခွင့် ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၉)၊ အပိုဒ် ၃၃ပါ သတ်မှတ်ချက်များနှင့်အညီ ဤကော်မရှင်သို့ သီးခြား တင်ပြလျှောက်ထားရမည်။

၁၄။ အဆိုပြု လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား ဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၅။ မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီ လီမိတက် (Minn Wun Industries Co., Ltd.) သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ၊ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး အစီအမံများကို ဝန်ခံဂတိ ပြုထားသည့်အတိုင်း စံနစ်တကျ ထားရှိ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက် ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၆။ မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီ လီမိတက် (Minn Wun Industries Co., Ltd.) သည် ပူးတွဲပါ ကနဦး လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး ၃(သုံး)လအတွင်း ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၇။ အဆိုပြု လုပ်ငန်းစတင်ဆောင်ရွက်သည့် နေ့ရက်ကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၈။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ တစ်နှစ်အတွင်း အဆိုပြုလုပ်ငန်း စတင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၉။ မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီ လီမိတက် (Minn Wun Industries Co., Ltd.) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ချမှတ်ထားသော တည်ဆဲစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ဤခွင့်ပြုမိန့်ကို ပြန်လည် ရုပ်သိမ်းသည်အထိ အရေးယူခြင်းခံရမည်။

(ဦးသောင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ ရက-၁/မ-၆၇၀/၂၀၀၁ (၁၆၇-၈၁-၇)

ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ မေလ ၅ ရက်။

ဖြန့်ဝေခြင်း-

၁။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၃။ အစိုးရအဖွဲ့ရုံး။
၄။ စစ်မဟာဗျူဟာ လေ့လာရေးရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန။
၅။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။
၆။ အလုပ်သမား ဝန်ကြီးဌာန။
၇။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
၈။ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန။
၉။ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန။
၁၀။ ဆောက်လုပ်ရေး ဝန်ကြီးဌာန။
၁၁။ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။

၁၂။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။
၁၃။ သစ်တောရေးရာ ဝန်ကြီးဌာန။
၁၄။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်။
၁၅။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။
၁၆။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။
၁၇။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန။
၁၈။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
၁၉။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း။
၂၀။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
၂၁။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။
၂၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။
၂၃။ ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန။
၂၄။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန။
၂၅။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။
၂၆။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ သစ်လုပ်ငန်း။
၂၇။ ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။
၂၈။ ဒါရိုက်တာ၊ မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီ လီမိတက် (Minn Wun Industries Co., Ltd.)။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ပြန်ကြားရေးနှင့်လုပ်ငန်းညှိနှိုင်းရေးဌာန

ဂ၆၉၁၀တင်ပြလွှာ

အကြောင်းအရာ။ ။ မိုးခေါက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်

ရက်စွဲ	ဆောင်ရွက်ရန်	မှတ်ချက်
၄/၁၀/၂၀၀၀	- ဝင်စာတွဲပြောင်းလက်ခံရရှိပါသည်။ - မိုးခေါက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်တည်ထောင်၍ ရန်ကုန်တိုင်း ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ စက်မှုဇုန် (၁)၊ မြေကွက်အမှတ် (၂၁)၊ ရှိ မြေ (၂.၄၀) ဧက (၉၇၁၂.၀၃ စတုရန်းမီတာ) တွင် သစ်ခွဲစက်ချထားသည့် နှင့်ပရိဘောဂပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းကို MIC ၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာပါသည်။ - သက်ဆိုင်ရာဌာနခွဲများသို့ ဖြန့်ဝေပြီးဖြစ်ပါသည်။ - လုပ်ငန်းညှိနှိုင်းရေးကဏ္ဍမှ အောက်ပါအတိုင်း စိစစ်တွေ့ရှိချက်များကို တင်ပြအပ်ပါသည်။ (၁) အဆိုပြုလုပ်ငန်းကို ပြည်တွင်းအလုပ်သမား (၁၅၀) နှင့် နိုင်ငံခြားကျွမ်းကျင်သူ (၃) ဦး ခန့်ထားဆောင်ရွက်မည်ဖြစ်ပါသည်။ (၂) မလေးရှားနိုင်ငံ၊ MUAR INDUSTRIES SDN. BHD ထံမှ ချေးငွေ US $ (၅) သန်းဖြင့် စက်ပစ္စည်းကိရိယာများ US $ (၅) သန်းဖိုးအတွက် Deferred Payment Loan Agreement (Draft) ကို တင်ပြထားပါသည်။	

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

ပြန်ကြားရေးနှင့်လုပ်ငန်းညှိနှိုင်းရေးဌာန

ရင်ဆိုင်တင်ပြလွှာ

အကြောင်းအရာ။ ။ မိုးစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်

[redacted]

ရက်စွဲ	ဆောင်ရွက်ရန်	မှတ်ချက်
	(၃) နိုင်ငံခြားချေးငွေနှင့် (တန်ဖိုးငွေ) စက်ပစ္စည်းများတန်ဖိုးကို ထုတ်ဖော်ရှိသောအခါ ဘဏ်မှချေးငွေနှင့် ပါဝင်ပစ္စည်းများဖြင့် (၅) နှစ်အတွင်း ပြန်လည်ပေးဆပ်မည်ဖြစ်ပါသည်။	
	(၄) ဘိုးဘွားက ... လုပ်ငန်း ... ၂ ကျပ်ချေးငွေ (၅၀၀) သိန်းကို ... ပါသည်။	ဂ / ၁.၁၀.
	(၅) ထုတ်လုပ်မည့်ပစ္စည်းများကို ... ပြည်ပ (၅၀ %) ရောင်းချမည်ဖြစ်ပါသည်။ ဈေးကွက် ... အခွင့်ပြုခြင်းဖြစ်ပါသည်။	သဘော / ...
	(၆) ငွေကြေးအထောက်အထားများ (11.9.2000) ရက်နေ့ဖြင့် ကျပ်သိန်း (၁၂၀) ကျော်ရှိသော ကမကထပြုသူ ဦးဝေးလွင် ... တင်ပြထားပါသည်။	
	(၇) မြန်မာနိုင်ငံ ... အထောက်အထား ... ကမကထပြုသူ ဦးဝေးလွင် ... (မိတ္တူ) ကိုတင်ပြထားပြီး ... ဖြစ်ပါသည်။	
	(၈) ကုမ္ပဏီများညွှန်ကြားမှုဌာနတွင် ကုမ္ပဏီမှတ်ပုံတင်ထားကြောင်း အထောက်အထားတင်ပြထား ... ဆောင်ရွက်ရန် ... လုပ်ငန်းအမျိုးအစား (၄) ခု	

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

ပြန်ကြားရေးနှင့်လုပ်ငန်းညှိနှိုင်းရေးဌာန

ကင်စ၀တာတင်ပြလွှာ

အကြောင်းအရာ။ ။ မိုးဆက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်

ရက်စွဲ	ဆောင်ရွက်ရန်	မှတ်ချက်
5/10/2000	ကိုရှူးချယ်တင်ပြရန်ကိုတင်ပြအပ်ပါသည်။ - Imported List Sr No. 12 Band Saw တွင် Size မပါ၍ Band Saw အရွယ်အစား ဖော်ပြရန် - အမှတ်စဉ် (၁၉) နှင့် (၃၇) Shaper အမျိုးအမည် ဖော်ပြရန် - " (၃၂) " (၃၇) Finger " - ဖော်ပြချက်မှာ လုပ်ငန်းနှင့် မသက်ဆိုင်သော ရေရှည်ကြိုး ပြုပြင်ရန် စက်လုပ်ငန်းဝန်ကြီးဌာနနှင့် သဘောတူညီချက် - ကောင်းခဲ့မှသာ တာဝန်ယူ ပြီးပါက ခွင့်တင်ပြအပ်ပါသည်။ - လမ်းညွှန်မှုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ ၅.၁၀.၂၀၀၀ ၅-၁၀-၂၀၀၀ ပြင်ဆင်ရန် ကျေးဇူးပြု၍ ပြင်ဆင်ပေးပါ 6/10 DD (C) တင်ပြပါ။ 6/10 AD C/A 6/10 DIA/O	✓

App.

မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီ လီမိတက်

၏

အဆိုပြုချက်

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအရ

Minn Wun Industries Company Limited.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ပြည်ထောင်စုမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

ရက်စွဲ ။

အကြောင်းအရာ ။ ။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက် ပေးပို့ခြင်း။**

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ကျွန်တော်တို့၏ မင်းဝံစက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက် (**Minn Wun Industries Co., Ltd**) သည်ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ဦးချိန့်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်စက်မှုဇုန်(၁)၊မြေကွက်အမှတ်(၂၁)၊မြေဧက ၂. ၄၀ (၁၀၆၂၄၈ စတုရန်းပေ) တွင် ာစ်အချောထည်နှင့်ပရိဘောဂ တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်သည့် စက်ရုံတည်ဆောက်၍လုပ်ငန်းဆောင်ရွက်ခွင့်ပြုနိုင်ပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုလွှာလျှောက်ထားသောကုမ္ပဏီဖြစ်ပါသည်။

သို့ပါ၍ခွင့်ပြုမိန့်ထုတ်ပေးနိုင်ပါရန်အတွက် အစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြနိုင်ရန် အဆိုပြုလွှာ (၂၂) စုံ ဆက်လက်ပေးပို့တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဦးအေးလွင်
(ဒါရိုက်တာ)
မင်းဝံစက်မှုလုပ်ငန်းများကုမ္ပဏီလီမိတက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ပြည်ထောင်စုမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

ရက်စွဲ။ ၂၀၀၀ပြည့်နှစ်၊ဒီဇင်ဘာလ (၅)ရက်။

အကြောင်းအရာ ။ ။**<u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သို့အဆိုပြုချက်ပေးပို့ခြင်း။</u>**

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ကျွန်ုပ်တို့၏ မင်းဝံစက်မှုလုပ်ငန်းများကုမ္ပဏီလီမိတက်သည်(Minn Wun Industries Co., Ltd) သည် ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် ၊ ဆိပ်ကမ်းမြို့နယ်၊ ဦးချိန့်လမ်း ၊ မြေတိုင်းရပ်ကွက်အမှတ်စက်မှုဇုံ(၁)၊ မြေကွက်အမှတ်(၂၁)၊ မြေဧက၂.၄၀(၁၀၆၂၄၈စတုရန်းပေ)တွင်သစ်အချောထည်နှင့်ပရိဘောဂတန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံတည်ဆောက်၍လုပ်ငန်းဆောင်ရွက်ခွင့်ပြုနိုင်ပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုလွှာ လျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

သို့ပါ၍ ခွင့်ပြုမိန့်ထုတ်ပေးနိုင်ပါရန်အတွက် အထက်အဖွဲ့အစည်းသို့ ဆက်လက်တင်ပြ နိုင်ရန် အဆိုပြုလွှာ (၁၈)စုံ ဆက်လက်ပေးပို့တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဦးအေးလွင်
(ဒါရိုက်တာ)
မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက်

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊

ရန်ကုန်မြို့။

ရက်စွဲ၊ ၂၀၀၀ပြည့်နှစ်၊အောက်တိုဘာလ(၃၀)ရက်။

အကြောင်းအရာ ။ ။ <u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သို့အဆိုပြုချက် ပေးပို့ခြင်း။</u>

ရည်ညွှန်းချက် ။ ။ (၄-၁၀-၂၀၀၀) ရက်စွဲပါ မိုးစက်မှုလုပ်ငန်းကုမ္ပဏီ၏ အဆိုပြုလွှာ။

ရည်ညွှန်းပါစာဖြင့်ကျွန်တော်တို့၏ မိုးစက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်သည် သစ်အချောထည်နှင့် ပရိဘောဂပစ္စည်းများထုတ်လုပ်သည့် စက်ရုံတည်ဆောက်ပြီး လုပ်ငန်းလုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့် ကို လျှောက်ထားခဲ့ပါသည်။

သို့ရာတွင်အဆိုပြုတင်ပြသော မိုးစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်အားမှတ်ပုံတင်ခွင့်လျှောက်ထားရာ အမည်တူရှိပြီးဖြစ်နေပါသဖြင့် ကုမ္ပဏီ၏အမည်ပြောင်းလဲတင်ပြရန်လိုအပ်လာပါသည်။ သို့ပါ၍ **ကျွန်တော်များ၏ ယခင်မိုးစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်အစား မင်းဝံ** စက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက် သို့ပြောင်းလဲပြင်ဆင်၍ ကုမ္ပဏီများဆိုင်ရာမှတ်ပုံတင်ရုံးသို့တင်ပြပြီးဖြစ်သဖြင့် မိုးစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်အား မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက် သို့ ပြောင်းလဲတင်ပြဆောင်ရွက်ခွင့်ပြုပါရန်လေးစားစွာဖြင့်လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

ဦးအေးလွင်

(ဒါရိုက်တာ)

မင်းဝံစက်မှုလုပ်ငန်းများကုမ္ပဏီလီမိတက်

U YE NOOS (L L . B)

Supreme Court Advocate (Legal Advisor)

No.30(1st Floor) , 44th Street , Botataung Township,

Yangon , Myanmar.

Ph : 95-(01) 296132 /298541

Ref No. . . . . Dated : . . . .

သို့/ -

မှတ်ပုံတင်အရာရှိ
ကုမ္ပဏီများမှတ်ပုံတင်ရုံး
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရန်ကုန်မြို့။

နေ့စွဲ၊ ၂၀၀၀ပြည့်နှစ်၊အောက်တိုဘာလ(၂၅)ရက်။

အကြောင်းအရာ။ ။ <u>မှတ်ပုံတင်ခွင့်မပြုမီကုမ္ပဏီပြင်ဆင်ခွင့်ပြုပါရန်။</u>

ကျွန်တော်ထံမှ " MOE INDUSTRY CO., LTD." အမည်ဖြင့် မှတ်ပုံတင်ခွင့်ရရှိရေးအတွက် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များ၏ လွှဲအပ်ချက်အရတင်ပြထားပါသည်။ ယခုအခါအဆိုပါကုမ္ပဏီ၏အမည်ကို " MOE INDUSTRY CO., LTD." မှ " MINN WUN INDUSTRIES CO., LTD." သို့ပြင်ဆင်လိုကြောင်းညွှန်ကြားလာပါသည်။

သို့ပါ၍ " MINN WUN INDUSTRIES CO., LTD." အမည်သို့ပြင်ဆင် ခွင့်ပြုပြီး မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်-

ဦးရဲနုစ် (အယ်လ်အယ်လ်ဘီ)
တရားရုံးချုပ်ရှေ့နေနှင့်ဥပဒေအကြံပေး
၃၀ (ပထမထပ်)၊ ၄၄-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၆၁၃၂

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ... ညွှန်ကြားမှုဦးစီးဌာန

25-10-03

သို့

ဥက္ကဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ပြည်ထောင်စုမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

ရက်စွဲ။ ၂၀၀၀ပြည့်နှစ်၊အောက်တိုဘာလ(၄)ရက် ။

အကြောင်းအရာ ။ ။**သစ်အချောထည်နှင့်ပရိဘောဂစက်မှုလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ကတိဝန်ခံချက်တင်ပြခြင်း။**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ" မင်းဝံစက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက် " မှသစ်အချောထည်နှင့်ပရိဘောဂ စက်မှုလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြလျှောက်ထားရာတွင်ခွင့်ပြုမိန့် ရရှိနိုင်ရေးအတွက် အောက်ပါတို့ကို ဝန်ခံကတိပြုအပ်ပါသည်။

(က) ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပါသည်။

(ခ) ဤလုပ်ငန်းသည် လုပ်ငန်းအသစ်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(ဂ) ဤလုပ်ငန်းအတွက်နိုင်ငံခြားမှ Deferred Payment Systemဖြင့်တင်သွင်းလာမည့်စက်ပစ္စည်းများသည်အသစ်များသာဖြစ်ကြောင်းဝန်ခံကတိပြုပါသည်။

(ဃ) ဤစက်ရုံမှထွက်ရှိလာသောကုန်ချောပစ္စည်းများအတွက် ပြည်ပသို့တင်ပို့ ရောင်းချရန်ဈေးကွက်ရှိပြီးဖြစ်ပါသည်။

(င) နိုင်ငံတော်အစိုးရမှမြေယာနှင့်ပတ်သက်၍သတ်မှတ်ပြဋ္ဌာန်းသည့်စည်းကမ်းသတ်မှတ်ချက်များကိုလိုက်နာဆောင်ရွက်ပါမည်ဟုကတိပြုပါသည်။

(စ) ထို့အပြင်ကျွန်တော်များကုမ္ပဏီအနေဖြင့်လုပ်ငန်းဆောင်ရွက်ရာတွင်လည်းပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပွါးစေရန်အတွက်လိုအပ်သောအစီအမံများကြိုတင်ကာကွယ်မှုများပြုလုပ်ဆောင်ရွက်ထားမည်ဖြစ်ကြောင်းနှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော်၏နည်းဥပဒေ၊စည်းမျဉ်းစည်းကမ်း၊လုပ်ထုံးလုပ်နည်းများနှင့်အညီပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန်အကောင်အထည်ဖေါ်ဆောင်ရွက်သွားမည်ဟုဝန်ခံကတိပြုပါသည်။

(ဆ) မီးဘေးကြိုတင်ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(ဈ) " မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက်"သည်၊ မလေးရှားနိုင်ငံ မှ စက်ပစ္စည်း ကိရိယာများကို " Deferred Payment Loan System" ဖြင့် ချေးယူခြင်းကိစ္စသည်နိုင်ငံတော်နှင့်သက်ဆိုင်ခြင်းမရှိပဲ၊ဤလုပ်ငန်းမှရရှိသည့် တရားဝင် နိုင်ငံခြားဝင်ငွေဖြင့် ပြန်လည်ပေးဆပ်ရန် တာဝန်ယူပါသည်။

(ဉ) " မင်းဝံ စက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက် " အနေဖြင့် စက်မှုလုပ်ငန်းဥပဒေအရ ပြည်နယ်တိုင်းဒေသကြီးရစက်မှုကြီးကြပ်ရေး နှင့် လုပ်ငန်းစစ်ဆေးရေး ညွှန်ကြားမှု ဦးစီးဌာန တွင် မှတ်ပုံတင်ထားရှိမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

(signature)

ဦးအေးလွင်

(ဒါရိုက်တာ)

မင်းဝံစက်မှုလုပ်ငန်းများကုမ္ပဏီလီမိတက်

သို့

ဥက္ကဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ပြည်ထောင်စုမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

ရက်စွဲ ။၂၀၀၀ပြည့်နှစ်၊အောက်တိုဘာလ(၄)ရက်။

အကြောင်းအရာ ။ ။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ၏ ခွင့်ပြုမိန့်နှင့်မြန်မာနိုင်ငံသားများ၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ (၁၂)နှင့်(၁၃)တို့အရအခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များလျှောက်ထားခြင်း။**

အထက်အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် အညီဖွဲ့စည်းတည်ထောင်ထားသည့်ကျွန်တော်တို့ ၏ မင်းဝံစက်မှုလုပ်ငန်းများကုမ္ပဏီလီမိတက်သည် ရန်ကုန်တိုင်း ၊ ဒဂုံမြို့သစ်၊ဆိပ်ကမ်းမြို့နယ်၊ ဦးချိန့်လမ်း၊မြေတိုင်ရပ်ကွက်အမှတ်စက်မှုဇုန်(၁)၊ မြေကွက်အမှတ်(၂၁)၊မြေဧက၂.၄၀(၁၀၆၂၄၈စတုရန်းပေ) တွင် သစ်အချောထည်နှင့်ပရိဘောဂ တန်ဖိုးမြင့်ပစ္စည်းများထုတ်လုပ်နိုင်ရန်အတွက်စက်ရုံတည်ဆောက်ပြီး၊လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြလျှောက်ထားခြင်းဖြစ်ပါသည်။

မင်းဝံစက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက် အနေဖြင့် သစ်အချောထည်နှင့် ပရိဘောဂစက်ရုံတည်ထောင်ရန်အတွက်ကျပ်(၈၃၀)သိန်းရင်းနှီးမြှုပ်နှံမည်ဖြစ်ပါသည်။ယင်းအနက်စက်ရုံတည်ထောင်ရန်အတွက် လိုအပ်သောစက်ပစ္စည်းကိရိယာများကိုမလေးရှားနိုင်ငံမှ US $ 500,000 ရှိတန်ဖိုးကို Deferred Payment Loan Agrreement အရ အတိုးမဲ့ဖြင့် ဝယ်ယူမည် ဖြစ်ပြီးထွက်ရှိလာသော သစ်အချောထည်နှင့်ပရိဘောဂပစ္စည်းများဖြင့်(၅) နှစ်အတွင်းပြန်လည် ပေးဆပ်မည်ဖြစ်ပါသည်။

အဆိုပြုလုပ်ငန်းအတွက်ရင်းနှီးမြှပ်နှံငွေကျပ်(၈၃၀)သိန်းတွင်ပြည်တွင်းသုံးငွေ ကျပ်သိန်း(၁၀၀)၊ နိုင်ငံခြားသုံးငွေUS $(၅)သိန်း၊ စက်ပစ္စည်းကိရိယာများကျပ်(၃၀)သိန်း၊(US$ ၅ သိန်းအပါအဝင်)၊ အဆောက်အဦများ အတွက် ကျပ်သိန်း(၄၅၀)၊ မြေတန်ဖိုးကျပ်(၂၀၈)သိန်း၊ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းကျပ်(၁၂)သိန်း တို့ဖြင့်ထည့်ဝင် ရင်းနှီးမည် ဖြစ်ပါသည်။ ထွက်ရှိလာသော ကုန်ချောပစ္စည်းများကို ပြည်ပသို့၇၀%၊ပြည်တွင်း တွင်၃၀% ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။ ပြည်ပတင်ပို့မှုအတွက် ဈေးကွက်ရှိပြီးဖြစ် ပါသည်။

အဆိုပါသစ်အချောထည်နှင့် ပရိဘောဂစက်မှုလုပ်ငန်းမှ ကျွန်းနှင့်သစ်မာ ကုန်ကြမ်းအမျိုးမျိုးကိုအသုံးပြုလျှက်သစ်ခွဲသားအချောထည်အမျိုးမျိုး၊တံခါးနှင့်ပြူတင်းပေါက်များ၊ ကျည်းဘောင်များ၊ ကြမ်းခင်းတုံးပါကေးများ၊Moulding များနှင့်ပရိဘောဂများ(အပန်း ဖြေဥယျာဉ်သုံး ပရိဘောဂများ အပါအဝင်)Skirting များထုတ်လုပ်ခြင်းလုပ်ငန်းမှ လေလံစနစ်ဖြင့် မြန်မာသစ်လုပ်ငန်းမှလည်းကောင်း၊သစ်တောဖက်စပ်ကော်ပိုရေးရှင်းမှလည်းကောင်း၊ ဝယ်ယူ ထုတ်လုပ်မည်ဖြစ်ပါသည်။

သစ်အချောထည် နှင့် ပရိဘောဂစက်မှုလုပ်ငန်းတည့်ထောင်ခြင်းဖြင့် နိုင်ငံတကာ အဆင့်မီ တန်ဖိုးမြင့် သစ်အခြေခံကုန်ချောပစ္စည်းအမျိုးအမျိုးကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချသွားနိုင်မည်ဖြစ်ပါသည်။ထို့အပြင်မြန်မာနိုင်ငံသားများအတွက်အလုပ်အကိုင်အသစ်များပေါ်ပေါက်လာမည်ဖြစ်ပြီး၊ နိုင်ငံခြားဝင်ငွေရရှိကာ ၊ နည်းပညာအသစ်များလည်း ရရှိလာနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများရရှိစေရန် အတွက်လည်းကောင်း၊ ပြည်ပသို့ပို့ကုန်တိုးမြှင့်တင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေများရရှိနိုင်ရန် အတွက်လည်းကောင်း၊ သစ်အခြေခံ နည်းပညာရပ်များ တိုးပွါးလာစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ စီးပွါးရေးဖွံ့ဖြိုးတိုးတက်လာ စေရန်အတွက်လည်းကောင်း ၊ ကျွန်တော်များလျှောက်ထားခြင်းကိုလက်ခံစဉ်းစားပေးပါရန်နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ၁၂နှင့်၁၃တို့အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကိုလည်း ခံစားခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

ဤလျှောက်လွှာနှင့်အတူအောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းများကိုပူးတွဲတင်ပြအပ်ပါသည်။

(က) ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ကမကထပြုသူ၏ လုပ်ငန်းဆောင်ရွက်ရန်အဆိုပြုချက်၊

(ခ) ဘဏ္ဍာရေးအချက်အလက်များနှင့်ပတ်သက်၍ တွက်ချက်မှု ဇယားများ၊

(ဂ) Deferred Payment Loan Agreement (draft)

ရိုသေလေးစားစွာဖြင့်

ဦးအေးလွင်
(ဒါရိုက်တာ)
မင်းဝိစက်မှုလုပ်ငန်းများကုမ္ပဏီလီမိတက်

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏

အဆိုပြုချက်

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအရ
ရင်းနှီးမြှုပ်နှံလိုသူ၏အဆိုပြုချက်
(ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (၈) နှင့် ပုဒ်မ ၈)

သို့

ဥက္ကဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ ။၂၀၀၀ပြည့်နှစ်၊အောက်တိုဘာလ၊( ) ရက်။

ကျွန်တော်/ကျွန်မသည်မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံလိုပါသဖြင့်ခွင့်ပြုမိန့်ထုတ်ပေးပါရန် အောက်ပါအချက် အလက်များ ဖော်ပြ၍ လျှောက်ထား အပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံလိုသူ၏ -

(က)အမည်	-ဦးအေးလွင်
(ခ) အဖအမည်	-ဦးကောင်းစိန်
(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်	-၁၂/ဗတထ(နိုင်) ၀၀၉၂၇၁
(ဃ) နေရပ်လိပ်စာ	-အမှတ်(၁၈၈)၊ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။
(င) လူမျိုး၊ဘာသာ	- ဗမာ ၊ ဗုဒ္ဓဘာသာ။
(စ) အဖွဲ့အစည်းအမည်	- မင်းဝံစက်မှုလုပ်ငန်းများကုမ္ပဏီလီမိတက်
(ဆ) လုပ်ငန်းအမျိုးအစား	- စက်မှုလုပ်ငန်း
(ဇ) အဖွဲ့အစည်းတည်နေရာအရပ်	- မြေကွက်အမှတ်(၂၁)၊ မြေတိုင်းရပ်ကွက်အမှတ်စက်မှုဇုံ(၁)၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂ ။ ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်ပြုလုပ်မည့်သူများ၏

(က) အမည်	-------------------------
(ခ) အဖအမည်	-------------------------
(ဂ) နိုင်ငံသား / အမျိုးသားမှတ်ပုံတင်အမှတ်	-------------------------
(ဃ) နေရပ်လိပ်စာ	-------------------------
(င) လူမျိုးဘာသာ	-------------------------
(စ) အဖွဲ့အစည်း	-------------------------

(ဆ) လုပ်ငန်းအမျိုးအစား ----------------------------

(ဇ) အဖွဲ့အစည်းတည်ရှိရာအရပ် ----------------------------

(နှစ်ဦးသို့မဟုတ်အဖွဲ့အစည်း ၂ခုထက်ပိုပါကသီးခြားစာရွက် တွင် ဖော်ပြပူးတွဲရန်)

၃။ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် လုပ်ငန်းအမျိုးအစား -

(က) ကုန်ထုတ်လုပ်မှုလုပ်ငန်း - သစ်အချောအထည်နှင့် ပရိဘောဂပစ္စည်း များထုတ်လုပ်ခြင်း၊

(ခ) ဝန်ဆောင်မှုလုပ်ငန်း - ------------------

(ကုန်ပစ္စည်းအမည် သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားဖော်ပြရန်)

၄။လုပ်ကိုင်မည့်စီးပွားရေးပုံစံ

(က) နိုင်ငံသားနှင့် နိုင်ငံသားတို့က အစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်း။

-------------------- လီမိတက်ကုမ္ပဏီ ---------------

(ခ) အဖွဲ့အစည်းနှင့် နိုင်ငံသားတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း ။

------------- မရှိပါ ----------------------------

(ဂ) အဖွဲ့အစည်းနှင့် အခြားအဖွဲ့တို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း ။

------------- မရှိပါ ----------------------------

၅။ဖွဲ့စည်းထားပြီးဖြစ်သည့် သို့မဟုတ် ဖွဲ့စည်းမည့် စီးပွားရေးအဖွဲ့အစည်းပုံသဏ္ဌာန်

(က) တစ်ဦးတည်းပိုင် ------------------------------

(ခ) ဖက်စပ် / အစုစပ်လုပ်ငန်း ---------------လီမိတက်ကုမ္ပဏီ-------

(ဂ) လီမိတက်ကုမ္ပဏီ မင်းဝံစက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက်
(Minn Wun Industries Company Limited)

(ဃ) သမဝါယမအသင်း - ------------------------

(အများနှင့်အသက်ဆိုင်သည့်ကုမ္ပဏီ/အများပိုင်ကုမ္ပဏီဟုဖော်ပြ၍ထည့်ဝင်မည့် မ,တည် ငွေရင်းအမျိုးအစား ၊ စီမံခန့်ခွဲသူ / စီမံခန့်ခွဲမည့်သူများ၏ အမည် ၊နေရပ်လိပ်စာများ နှင့်ရာထူးတို့ကို ပူးတွဲတင်ပြရန်) နောက်ဆက်တွဲ (၁)

၆။ ဖက်စပ် / အစုစပ်လုပ်ငန်းဖြစ်ပါက -

(က) အစုစပ်တို့က ထည့်ဝင်မည့်အစုငွေ အချိုးအစားနှင့်ပမာဏ

(ခ) အကျိုးအမြတ်ခွဲဝေမည့်အမျိုးအစား

(ဂ) အစုဝင်များ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

(နေရာမလုံလောက်က သီးခြားစာရွက်ဖြင့်ဖော်ပြရန်)

၇။ သမဝါယမအသင်း / လီမိတက်ကုမ္ပဏီဖြစ်ပါက -

(က) ခွင့်ပြုမတည်ငွေရင်း - ကျပ် ၅၀၀,၀၀၀,၀၀၀
(ကျပ်သန်းငါးရာတိတိ)

(ခ) အစုရှယ်ယာအမျိုးအစား - တစ်စုလျှင် ကျပ် ၁၀,၀၀၀
(ကျပ်တစ်သောင်းတန်)
သာမန်အစုရှယ်ယာ ၅၀,၀၀၀

(ဂ) အစုရှယ်ယာရှင်များကထည့်ဝင်မည့်အစုရှယ်ယာ ပမာဏ - ကျပ် ၇၇,၀၀၀,၀၀၀/-(အစု ၇၇၀၀)

၈။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်အဖွဲ့အစည်းနှင့်သက်ဆိုင်သောအချက်အလက်များ -

(က) မတည်ငွေရင်းပမာဏ(ထောင်ပေါင်း)	ကိုယ်ပိုင် (ကျပ်)	ချေးငွေ ပြည်ပ (US $)	စုစုပေါင်း (ကျပ်)
(၁) ငွေပမာဏ (နိုင်ငံခြားမတည်ငွေပါဝင်ပါက သီးခြားဖော်ပြရန်)	၁၀,၀၀၀	၅၀၀	၁၃,၀၀၀
(၂) အဆောက်အဦ (နောက်ဆက်တွဲ ၃)	၄၅,၀၀၀		၄၅,၀၀၀
(၃) မြေ	၂၀,၈၀၀		၂၀,၈၀၀
(၄) ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်းများ (နောက်ဆက်တွဲ ၄)	၁,၂၀၀		၁,၂၀၀
(၅) စက်ပစ္စည်းကိရိယာ (နောက်ဆက်တွဲဇယား ၂)	-	၅၀၀	၃,၀၀၀
(၆) ကုန်ကြမ်းပစ္စည်းများ	-	-	-
စုစုပေါင်း ထည့်ဝင်ရင်းနှီးငွေ	**၇၇,၀၀၀**	**၁,၀၀၀**	**၈၃,၀၀၀**

(ခ) နိုင်ငံခြားမှတင်သွင်းရန်လိုအပ်သည့်	ကျပ်(၀၀၀)	အမေရိကန်ဒေါ်လာ (၀၀၀)
(၁) စက်ပစ္စည်းများ ၊စက်ကရိယာများ၏တန်ဖိုး (နောက်ဆက်တွဲဇယား ၂)	၃,၀၀၀	၅၀၀
(၂) ကုန်ကြမ်းပစ္စည်းများနှင့်အခြားအလားတူပစ္စည်း၏တန်ဖိုး	-	-
(၃) ကျွမ်းကျင်မှုနည်းပညာရပ်များ၏တန်ဖိုးပမာဏ	-	-
စုစုပေါင်း	**၃,၀၀၀**	**၅၀၀**

(ဂ) တည်ဆောက်မှုကာလ (၁၂) လ

(ဃ) ပဏာမစမ်းသပ်လည်ပတ်မှုပြုလုပ်မည့်ကာလ (၆) လ

(င) တည်ဆောက်မှုစတင်မည့်အချိန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိသည့်နေ့မှ စတင်ဆောင်ရွက်သွားမည်။

၉။ ဆောင်ရွက်မည့်စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သောအချက်အလက်များ -

(က) လုပ်ငန်းအမျိုးအစား - သစ်အချောအထည်နှင့်ပရိဘောဂပစ္စည်းများထုတ်လုပ်ခြင်း

(ခ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသ - ရန်ကုန်တိုင်း ၊ ဒဂုံဆိပ်ကမ်းမြို့နယ် စက်မှုဇုံ(၁)၊မြေကွက်အမှတ်(၂၁)။

(ဂ) ဆောင်ရွက်ပုံနည်းစနစ် - ခေတ်မီထုတ်လုပ်ခြင်းစနစ်

(ဃ) နှစ်စဉ် စက်သုံးဆီလိုအပ်ချက် -

အမျိုးအစား	အရေအတွက်
(၁) ဒီဇယ်ဆီ	ဂါလံ (၄၀၀၀)
(၂) ဓာတ်ဆီ	ဂါလံ (၅၀၀၀)
(၃) စက်ဆီ၊ချောဆီ	ဂါလံ (၅၀၀)

(င) နှစ်စဉ် လျှပ်စစ်ဓါတ်အားလိုအပ်ချက် -

အားအသုံးပြုမှု	မြင်းကောင်ရေ
၁။ လျှပ်စစ်ဓါတ်အား	၁၀၀၀ ကီလိုဝပ်
၂။ ဓါတ်ဆီ/ဒီဇယ်အင်ဂျင်စက်အား	၅၀၀ KVA
၃။ ဘွိုင်လာ အသုံးပြုအင်ဂျင်စက်အင်အား	--------------
၄။ သဘာဝဓာတ်ငွေ့သုံးစက်အား	--------------
၅။ ပေးပို့သည့်အခြားအား	--------------

(စ) နှစ်စဉ် ရေလိုအပ်ချက် ၂၅၀,၀၀၀ ဂါလံ

(နေ့စဉ်ရေလိုအပ်ချက်ရရှိလျှင်ဖော်ပြရန်) ၅၀၀ ဂါလံ

(ဆ) နှစ်စဉ်လုပ်ငန်းသုံးပစ္စည်း / ကုန်ကြမ်းလိုအပ်ချက်

(နောက်ဆက်တွဲ ၅)

အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	တန်ဖိုး (ကျပ်ထောင်ပေါင်း)
၁။ အဓိကကုန်ကြမ်း			
(၁) ----------		---------	--------
(၂) ----------		---------	နောက်ဆက်တွဲ (၅)

၂။ အထောက်အကူကုန်ကြမ်း

(၁) ----------	----------	--------
(၂) ----------	----------	--------

၃။ စက်သုံးဆီ / ဓါတ်ငွေ့များ -

(၁) ----------	----------	--------
(၂) ----------	----------	--------

(ဇ) အဆောက်အအုံလိုအပ်ချက် - နောက်ဆက်တွဲ (၃)

(ဈ) မြေနေရာအမျိုးအစားနှင့် အကျယ်အဝင်းလိုအပ်ချက် - ၂.၄၀ ဧက

(၁၀၆၂၄၈ စတုရန်းပေ)

(ည) ခန့်မှန်းထုတ်လုပ်မည့်ကုန်ပစ္စည်း / ဆောင်ရွက်မည့်ဝန်ဆောင်မှု

အမျိုးအမည်	ရေတွက်ပုံ	အရေအတွက် နောက်ဆက်တွဲ ၆	တန်ဖိုး
----------	----------	--------	----------
----------	----------	--------	----------

	ပြည်တွင်းရောင်း	ပြည်ပအရောင်း
(ဋ) ရောင်းချမည့်စနစ် -	၃၀ %	၇၀ %

(ပြည်တွင်းတွင်ကျပ်ငွေဖြင့်ရောင်းချမည်)

၁၀။ နှစ်စဉ်ကုန်ထုတ်မှု / ဝန်ဆောင်မှုနှင့် စပ်လျဉ်းသောအချက်အလက်များ -

	ခန့်မှန်းခြေ
(က) လုပ်ငန်းလည်ပတ်ရန်လိုအပ်မည့်ကျပ်ငွေ	နောက်ဆက်တွဲ ၇
(ခ) လိုအပ်မည့်နိုင်ငံခြားသုံးငွေ	နောက်ဆက်တွဲ ၇
(ဂ) ရရှိမည့်နိုင်ငံခြားသုံးငွေပမာဏ	နောက်ဆက်တွဲ ၆ (က)/၆ (ခ)
(ဃ) ပြည်ပသို့တင်ပို့ရောင်းချနိုင်မည့် ကုန်ပစ္စည်း / ဝန်ဆောင်မှုတန်ဖိုးပမာဏ	နောက်ဆက်တွဲ ၆ (က)/၆ (ခ)
(င) နှစ်စဉ်ပြည်တွင်း၌ရောင်းချနိုင်မည့် ကုန်ပစ္စည်း / ဝန်ဆောင်မှုတန်ဖိုးပမာဏ	နောက်ဆက်တွဲ ၆ (ဂ)/၆ (ဃ)

၁၁။ ဆောင်ရွက်မည့်စီးပွားရေးလုပ်ငန်းတွင်လိုအပ်မည့်အမှုထမ်းများစာရင်း -

(က) ပြည်တွင်းမှ လိုအပ်မည့်အမှုထမ်းများ -

<u>အမှုထမ်းအမျိုးအစား</u>	<u>ဦးရေ</u>
နောက်ဆက်တွဲဇယား (၈)	

(ခ) နိုင်ငံခြားမှလိုအပ်မည့်ကျွမ်းကျင်သူနှင့် အတတ်ပညာရှင်များ -

<u>ကျွမ်းကျင်သူအမျိုးအစား</u> <u>ခန့်ထားမည့်အချိန်ကာလ</u>	<u>ဦးရေ</u>
ကျွမ်းကျင်သူပညာရှင် (စက်တင်ဆင်မှုကာလ)	၁ ဦး
ကျွမ်းကျင်သူပညာရှင်	၂ ဦး (ကုန်ပစ္စည်း ထုတ်လုပ်သည့်ကာလအတွက်) နောက်ဆက်တွဲ (၈)

၁၂။ စီးပွားရေးတွက်ချေကိုက်မှုနှင့် စပ်လျဉ်းသော အချက်အလက်များ -

	ကျပ်ငွေ (ထောင်ပေါင်း)	နိုင်ငံခြားငွေ (ထောင်ပေါင်း)
(က) နှစ်စဉ်ဝင်ငွေရရှိမှု	နောက်ဆက်တွဲ (၉)	-
(ခ) နှစ်စဉ်လုပ်ငန်းကုန်ကျစရိတ်	နောက်ဆက်တွဲ (၉)	-
(ဂ) နှစ်စဉ်အသားတင်အမြတ်	နောက်ဆက်တွဲ (၉)	-
(ဃ) နှစ်အလိုက်ရင်းနှီးမြှုပ်နှံမှု(ပထမနှစ်)	-	-
(င) အရင်းကျေကာလ	- (၃)နှစ် (၁) လ	
(စ) အခြားအကျိုးအမြတ်များ	-အလုပ်အကိုင်ပိုမိုရရှိ၍ နည်းပညာသစ်များ ရရှိပြီးနိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိခြင်း	
(ဆ) အလုပ်အကိုင်သစ်များပေါ်ပေါက်လာမည့် အခြေအနေ	နောက်ဆက်တွဲ (၈)	

၁၃။ ဆောင်ရွက်ရန်အဆိုပြုချက်နှင့် စပ်လျဉ်းသည့်အထောက်အထားများ၊ အဆိုပြုတင်ပြသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက်အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြအပ်ပါသည်။

(က) ပဋိညာဉ်စာချုပ်မူကြမ်း (လိုအပ်သည့်ကိစ္စတွင်)

(ခ) လုပ်ငန်းပိုင်းနှင့်ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများ ။

(ဂ) လက်ရှိဖွဲ့စည်းပြီး အဖွဲ့အစည်းဖြစ်ပါက သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်း/ဖွဲ့စည်းခြင်း မရှိသေးပါက သင်းဖွဲ့မှတ်တမ်းမူကြမ်းနှင့်သင်းဖွဲ့စည်းမျဉ်း မူကြမ်း။

(ဃ) လက်ရှိဖွဲ့စည်းပြီး အဖွဲ့အစည်းဖြစ်ပါက လက်ရှိအခြေအနေနှင့် ပြင်ဆင်ဖွဲ့စည်းမည့် အခြေအနေ အထောက်အထားများ။

လက်မှတ် ။ ------------

အမည် ။ ဦးအေးလွင်

ရာထူး ။ ဒါရိုက်တာ

မင်းဝံစက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက်

(Minn Wun Industry Company Limited)

(လျှောက်ထားသူ)

LIST OF EXECUTIVIES OF MINN WUN INDUSTRIES COMPANY LIMITED

(Annexure 1)

Sr . No.	Name	Citizenship & N.R.C No.	Designation	Address	Share of Capital
1	U Aye Lwin	Myanmar 12/Ba Ta Hta (Naing) 009271	Director	No.188,Bogyoke Aung San Street, Botataung Township , Yangon.	60%
2	Daw Than Than Win	Myanmar 12/Ba Ta Hta (Naing) 031288	Director	No.188,Bogyoke Aung San Street, Botataung Township , Yangon.	10%
3	U Soe Naing	Myanmar 14/Nga Pa Ta (Naing) 009681	Director	No.136,40 th Street. Kyauktada Township , Yangon.	10%
4	U Zaw Myo Thant	Myanmar 14/Nga Pa Ta (Naing) 000058	Director	No.13,Mingyi Street, Pathein Towhship Ayeyarwaddy Division .	10%
5	U Zaw Myo Tun	Myanmar 14/Ha Tha Ta (Naing) 044238	Director	No.18, Myitkew Kyaung Street, Hinthata Township.Ayeyarwaddy Division.	10%

MINN WUN INDUSTRIES COMPANY LIMITED

LIST OF MACHINERIES & EQUIPMENT TO BE IMPORTED

(Annexure No. 2)

Sr. No.	Particulars	Unit	Qty	Price (US $)	Value (US $)
1	Peneumatic Cross Cut-off Saw with Saw Blade 18" for flcs - 18	Set	1	2,770	2,770
2	Edge Sander	Set	1	1,750	1,750
3	Band Saw (1400 - 1600 mm) with Log Carriage&Accessories	Set	1	32,000	32,000
4	Table Band Saw	No	1	3,720	3,720
5	Band Saw (1000 - 1300 mm) with Freeder	Set	2	10,000	20,000
6	Double Surface Planer	Set	1	18,000	18,000
7	Stright Line Rip Saw	Set	1	9,000	9,000
8	4 Side Planer / Moulder 5 Spindles.	Set	1	21,000	21,000
9	One Side Planer (20")	Set	1	3,000	3,000
10	Drilling machine	Set	1	3,720	3,720
11	Wheel Loader	Set	3	3,400	10,200
12	Band Saw (Plate)	Set	3	600	1,800
13	Twin Side Band Saw Grinder	Set	2	2,300	4,600
14	Wood Working Carbide Tip Tool Grinder	Set	1	1,500	1,500
15	Multi Spindle Boring Machine	Set	1	10,262	10,262
16	Double Head Dust Collector	Set	1	800	800
17	Single Head Dust Collector	Set	2	500	1,000
18	Blowers	Set	8	73	584
19	Shaper Router	Set	2	3,500	7,000
20	Hand Jointer	Set	1	1,900	1,900
20	Heavy Duty Sandely Machine 37" x 75"x 3(Belt Size)	Set	1	31,920	31,920
21	Knife Grinder	Set	1	4,500	4,500
22	Wide Belt Sander (2 1/2 - 4')	Set	1	8,600	8,600
23	Drilling Tapping & Screw Inserting Machine	Set	2	3,500	7,000
24	Hand Planer	Set	1	3,000	3,000
25	Cabride Circular Saw Blade Grinder	Set	2	1,200	2,400
	Sub Total (1)				212,026

Sr. No.	Particulars	Unit	Qty	Price (US $)	Value (US $)
26	Froklift (3 TS)	Set	2	8,500	17,000
27	Trolleys & Pallet Trucks	Set	5	3,000	15,000
28	Dry Kiln&Panels(Heatcoil+Steam Pipe and Accessories)	Unit	4	20,000	80,000
29	200 KVA Generator	Set	1	25,000	25,000
30	Compressor 120 PSI 100 CFM	Set	1	5,300	5,300
31	Transformer 500 KVA	Set	1	2,000	2,000
32	Finger Joint Machine	Set	1	4,650	4,650
33	Over Head Crane	Set	1	3,500	3,500
34	Mosaic Making Machine	Set	1	15,000	15,000
35	Multiple Rip Saw (Cutting Thinkness 4 - 6 ")	Set	1	9,500	9,500
36	Multiple Rip Saw (Cutting Thinkness 1-3 ")	Set	1	13,000	13,000
37	Shaper (Fine Shaper)	Set	1	2,500	2,500
38	Finger Joint Cutting Machine	Set	1	4,714	4,714
39	Double End Tenouer 230-1850 Wmm Max x 80 Tmm Bandsaw Blade.	Set	1	5,000	5,000
40	Thickness	Set	1	5,500	5,500
41	Electrical Cubless,Switches & Accessories (Wire,Cable,Main Braker,Sub Braker , etc....)	Lot	1	1,950	1,950
42	Workshop Equipments & Accessories (Box Spindle , Screw Driver , Pilar etc.....)	Lot	1	2,960	2,960
43	Boiler 2 Tons Capicity	Set	2	36,200	72,400
44	Steel frame for (10 tons Boiler)	Set	1	3,000	3,000
					287,974
	Grand Total				500,000

MINN WUN INDUSTRIES COMPANY LIMITED.

Building Requirment

(Annexure - 3)

Sr. No.	Kind of Building	No. of Building	Value (Kyat 000)
1	**Factory**		
	(80 x 120 ')	4	40,000
	Dry Kiln	1	4,500
2	**Office**		
	(30 x 40 ') 2 Storeyed	1	500
			45,000

Minn Wun Industries Company Limited.

Furniture Requriement

(Annexure 4)

Sr. No.	Particular	A/U	Qnt	Price (Kyat)	Value (Kyat)
1	**Office Furniture**				
	Table & Chair	set	20	5,000	100,000
	Meeting Table	set	1	80,000	80,000
	Copyer	unit	1	350,000	350,000
	Banches	unit	20	2,000	40,000
2	**Factory Equipment**				
	Shelf	unit	30	5,000	150,000
	Steel Cabinet	unit	1	50,000	50,000
	Stand Fan	unit	8	20,000	160,000
3	**Sitting Room**				
	Settee	set	2	100,000	200,000
	Table & Chair	set	5	4,000	20,000
	Kitchen Use	lot	1	50,000	50,000
	Total				1,200,000

MINN WUN INDUSTRIES COMPANY LIMITED.

PURCHASE OF RAWMATERIAL

(Annexure - 5)

PARTICLULARS	UNIT	YEAR				
		1	2	3	4-6	7-10
Purchase (Qty)						
Teak	H.T	1000	1000	1000	1000	1000
Hardwood	H.T	3000	3000	3000	3000	3000
Purchase Price						
Teak Log	US$/H. T	1200	1300	1400	1500	1800
Hardwood Log	Kyat/H.T	30000	32000	34000	36000	42000
Purchase (Value)						
Teak Log	**US$(000)**	**1200**	**1300**	**1400**	**1500**	**1800**
Equivalent in Kyat	Kyat(000)	7200	7800	8400	9000	10800
Hardwood Log	Kyat(000)	90000	96000	102000	108000	126000
Total Purchase Value	**Kyat(000)**	**97200**	**103800**	**110400**	**117000**	**136800**

Note : Acquisition of raw material will be made by purchasing from Myanmar Timber Enterprise , Forest Department , auction sales of Forest Product Joint Venture Corporation and private investors who possess timber extraction grant , at prevailing market price.

PROJECTED PRODUCTION

(Annexure 6)

Sr		Particular	Unit	Year				
				1	2	3	4-6	7-10
1.		Purchase H - Ton						
	1	Teak	H. Ton	1000	1000	1000	1000	1000
	2	Hardwood		3000	3000	3000	3000	3000
		Total Log H- Ton		4000	4000	4000	4000	4000
2.		Saw Timber Yield						
	1	Teak	M^3	1800	1800	1800	1800	1800
	2	Hardwood		5400	5400	5400	5400	5400
3.		Recovery %						
	1	Teak	%	55	55	55	55	55
	2	Hardwood	%	55	55	55	55	55
4.		M 3 Recovered						
	1	Teak	M^3	990	990	990	990	990
	2	Hardwood	M^3	2970	2970	2970	2970	2970

Note : 1 H-Ton = 1.8 Cubic Meter

EXPORT SALES FOR TEAK

(Annexure 6 - A)

Sr	Particular	Unit	Year				
			1	2	3	4-6	7-10
1.	M^3 Recovered	M^3					
1	Teak		990	990	990	990	990
	Products form Teak	M^3					
	Door & Window	10%	99	99	99	99	99
	Door & Window Frame	20%	198	198	198	198	198
	Furniture Components	20%	198	198	198	198	198
	Parquet / Moulding	20%	198	198	198	198	198
	Skirting Line	30%	297	297	297	297	297
			990	990	990	990	990
2.	**Export Sale**	70 %M^3					
	Door & Window		69	69	69	69	69
	Door & Window Frame		139	139	139	139	139
	Furniture Components		139	139	139	139	139
	Parquet / Moulding		139	139	139	139	139
	Skirting Line		207	207	207	207	207
3.	**Export Sale (Price)**	US$/$M^3$					
	Door & Window		2000	2100	2200	2300	2600
	Door & Window Frame		1600	1700	1800	1900	2200
	Furniture Components		1600	1700	1800	1900	2200
	Parquet / Moulding		1400	1500	1600	1700	2000
	Skirting Line		1400	1500	1600	1700	2000
4.	**Export Value**	US$(000)					
	Door & Window		138	145	152	159	179
	Door & Window Frame		222	236	250	264	306
	Furniture Components		222	236	250	364	306
	Parquet / Moulding		195	209	222	236	278
	Skirting Line		290	311	331	352	414
	Total		1067	1137	1206	1375	1483

EXPORT SALES FOR HARDWOOD

(Annexure 6 - B)

